Website: www.cnfhqr.com Email: cnf.headquarters@gmail.com

## ချင်းအမျိုးသားတပ်ဦး (CNF) မှ
## ၂၀၂၅ ခုနှစ် နိုင်ငံတကာဒီမိုကရေစီနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၂၅ ခုနှစ် စက်တင်ဘာလ (၁၅) ရက်

၁။ ၂၀၀၈ ခုနှစ်မှ စတင်၍ နှစ်စဉ် စက်တင်ဘာလ (၁၅) ရက်နေ့တွင် နိုင်ငံတကာဒီမိုကရေစီနေ့ကို ကျင်းပလာခဲ့ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂမှ ဦးဆောင်ကျင်းပသည့် နိုင်ငံတကာဒီမိုကရေစီနေ့၏ ရည်ရွယ်ချက်မှာ ဒီမိုကရေစီအခြေခံမူများကို ဆုပ်ကိုင်ထားရန်နှင့် မြှင့်တင်ရန် ဖြစ်ပါသည်။ သို့သော်လည်း ကမ္ဘာအနှံ့တွင်ဒီမိုကရေစီကျင့်စဉ်နှင့်ဆန့်ကျင်ဘက်ဖြစ်သော အကြမ်းဖက်မှုများ၊ ဖိနှိပ်မှုများနှင့် စစ်ပွဲများကို စိတ်မချမ်းမြေ့ဖွယ် ရင်ဆိုင်ကြုံတွေ့နေကြရသည်။ တချိန်တည်းတွင် ဒီမိုကရေစီအခြေခံမူနှင့် ကျင့်စဉ်များကို မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံများ၊ အဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်အမြောက်အများ ရှိနေကြသည်မှာလည်း အားတက်ဖွယ် ဖြစ်ပါသည်။

၂။ မိမိတို့တိုင်းပြည်တွင်မူ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်မှ ယနေ့အချိန်အထိ ဒီမိုကရေစီ အခွင့်အရေးများကို ပြည်သူလူထုမှ အပြည့်အဝခံစားခွင့် မရရှိကြပေ။ လွတ်လပ်ရေးရရှိပြီး မကြာမီ ပြည်တွင်းစစ်မီး စတင်လောင်ကျွမ်းခဲ့ပြီး ပြည်တွင်းစစ်နှင့်အတူ ဒီမိုကရေစီစနစ်၏ ဆန့်ကျင်ဘက်ဖြစ်သော စစ်အာဏာရှင်စနစ် သန္ဓေတည်လာခဲ့ရာ ယနေ့အချိန်တွင် စစ်အာဏာရှင်စနစ်၏ ဖိနှိပ်ချုပ်ချယ်မှုနှင့် အကြမ်းဖက်သောင်းကျန်းမှုကို ပြည်သူလူထုမှ အလူးအလဲ ခံစားနေကြရသည်။

၃။ လွတ်လပ်ရေးအလွန်ကာလ ခေတ်အဆက်ဆက် စစ်အာဏာရှင်စနစ်တော်လှန်ရေးကို ၂၀၂၁ ခုနှစ် နွေဦးတော်လှန်ရေးက အားဖြည့်ပေါင်းစည်းလာခဲ့ရာ ယခုအချိန်သည် စစ်အာဏာရှင် စနစ်တော်လှန်ရေး အထွဋ်အထိပ်ကာလသို့ ရောက်ရှိလာပြီဖြစ်ပါသည်။ စစ်ဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်းနိုင်မှသာလျှင် ပြည်သူတရပ်လုံးက မျှော်လင့်တောင့်တနေသော ဒီမိုကရေစီ စနစ်နှင့် ကျင့်စဉ်များကို အမှန်တကယ် လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် တော်လှန်ရေးအင်အားစုများအားလုံး ပြည်သူ့မျက်နှာကို ထောက်ရှု၍ စုစည်းညီညွတ်စွာဖြင့် စစ်အာဏာရှင်စစ်နစ်တော်လှန်ရေး အဆုံးသတ်တိုက်ပွဲကို ဆင်နွှဲကြရန် တိုက်တွန်းလိုပါသည်။

Chin National Front – General Headquarters, Chinland

၄။ ၂၀၂၅ ခုနှစ် နိုင်ငံတကာဒီမိုကရေစီနေ့၏ ဆောင်ပုဒ်မှာ “Achieving gender equality, action by action” ဖြစ်ပါသည်။ ယခုတော်လှန်ရေးတွင် ကျား-မ မရွေး ကျရာအခန်းကဏ္ဍမှ ပါဝင်ပေးဆပ်နေကြသည်ကို အားတက်ဖွယ် တွေ့မြင်ရပါသည်။ တချိန်တည်းတွင် ကျား-မတန်းတူရေး ဖော်ဆောင်နိုင်ရန် အဟန့်အတား ဖြစ်စေသည့် အမြင်ကျဉ်းမြောင်းမှုနှင့် ရှေးရိုးစွဲမှုများစွာ မိမိတို့လူ့အဖွဲ့အစည်းအတွင်း တည်ရှိလျက် ရှိနေပါသည်။ ယင်းကျင့်စဉ်ဟောင်းများကိုလည်း ပြုပြင်ပြောင်းလဲသွားရန် လိုအပ်မည်ဖြစ်ပါသည်။ ပြည်သူ့ထောက်ခံမှုနှင့် တော်လှန်ရေးအင်အားစုများ၏ စုစည်းညီညွတ်မှု ပေါင်းစည်းအင်အားဖြင့် စစ်အာဏာရှင်စနစ်နှင့် ကျား-မတန်းတူရေးကို အတားအဆီးဖြစ်စေသည့် ကျင့်စဉ်ဟောင်းများကို တိုက်ဖျက်ပြီး ဒီမိုကရေစီလူ့အဖွဲ့အစည်းသစ်တရပ်ကို အတူတကွ တည်ဆောက်ကြပါစို့ဟု တိုက်တွန်းရင်းဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

**ချင်းအမျိုးသားတပ်ဦး**

Chin National Front – General Headquarters, Chinland